# စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
# စီမံကိန်းဦးစီးဌာန

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် ( ၄/ ၂၀၂၃)　　　　　　　　　　　　၂၀၂၃ ခုနှစ်၊ မေလ(၁၁) ရက်

| ၁၁-၅-၂၀၂၃ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၂၁၀၀.၀ |
| ယူရို | ၂၂၉၄.၇ |
| စင်္ကာပူဒေါ်လာ | ၁၅၈၁.၀ |
| စတာလင်ပေါင် | ၂၆၄၃.၅ |
| ဂျပန်ယန်း (၁၀၀) | ၁၅၅၉.၁ |
| တရုတ်ယွမ် | ၃၀၂.၇၄ |
| ဟောင်ကောင် ဒေါ်လာ | ၂၆၇.၉၃ |
| အိန္ဒိယရူပီး | ၂၅.၅၈၄ |
| ကိုရီးယားဝမ် (၁၀၀) | ၁၅၈.၀၆ |
| မလေးရှား ရင်းဂစ် | ၄၇၀.၅၉ |
| ဖိလစ်ပိုင်ပီဆို | ၃၇.၇၃၇ |
| ထိုင်းဘတ် | ၆၂.၃၀၅ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၈.၉၄၆၆ |


လယ်ယာစီးပွားနှင့်
ကုန်သွယ်မှုဌာနခွဲ၊
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com


## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**

➢ ဂျပန်နိုင်ငံတွင် စားနပ်ရိက္ခာဖူလုံရေးအတွက် စိန်ခေါ်မှုများ ကြုံတွေ့ရနိုင်

➢ ဂျပန်နိုင်ငံအနေဖြင့် ၂၀၂၂ ဘဏ္ဍာနှစ်တွင် ရုရှားမှ ရေထွက်ကုန်ပစ္စည်းများ စံချိန်တင် တင်သွင်းခဲ့

- **အထွေထွေသတင်းများ**

➢ ၂၀၂၃ ဘဏ္ဍာနှစ်တွင် ဂျပန်လုပ်ငန်းရှင်များ၏ ၆၂ ရာခိုင်နှုန်းမှ အခြေခံလစာများ တိုးမြှင့်ပေးသွားမည်

➢ တရုတ်နိုင်ငံသည် ဥရောပအလယ်ပိုင်းနှင့် အရှေ့ဥရောပနိုင်ငံများနှင့် ကုန်သွယ်မှုတိုးတက်လာစေရန်အတွက် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်မည်

➢ တရုတ်နှင့် အိန္ဒိယတို့မှ ရေနံစိမ်းဝယ်ယူမှု ကျဆင်းခြင်းကြောင့် ဧပြီလတွင် အာရှ၏ ရေနံစိမ်း တင်သွင်းမှု လျော့နည်းခဲ့

## ဂျပန်နိုင်ငံတွင် စားနပ်ရိက္ခာဖူလုံရေးအတွက် စိန်ခေါ်မှုများ ကြုံတွေ့ရနိုင်

ရုရှား-ယူကရိန်းပဋိပက္ခနှင့် နောက်ဆက်တွဲ ဆိုးကျိုးများကြောင့် ကမ္ဘာ့ထောက်ပံ့ ပို့ဆောင်ရေးကွင်းဆက်ပြတ်တောက်မှုများ ဖြစ်ပေါ်ခဲ့သည့်အတွက် စားနပ်ရိက္ခာဖူလုံမှုအတွက် စိန်ခေါ်မှုများ ကြုံတွေ့နေရသော ဂျပန်နိုင်ငံတွင် ထိုသို့ ပြင်ပသက်ရောက်မှုများသည် လက်ရှိအခြေအနေကို ပိုမိုဆိုးရွားစေနိုင်ကြောင်း ဖော်ပြထားပါသည်။

ဂျပန်အစိုးရအနေဖြင့် ၂၀၅၀ ပြည့်နှစ်တွင် နိုင်ငံ၏လယ်ယာမြေ ဟတ်တာ ၁ သန်း အား အော်ဂဲနစ်လယ်ယာစနစ်သို့ ပြောင်းလဲရန် ရည်မှန်းဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ ရည်မှန်းချက်မှာ လက်ရှိအခြေအနေ၏ ၄၀ ဆဖြစ်သဖြင့် လက်တွေ့တွင် အကောင်အထည်ဖော်ရန် ခက်ခဲကြောင်း စိုက်ပျိုးရေးဖွံ့ဖြိုးမှုကုမ္ပဏီ JIN Group ၏ အကြံပေး Yusaku Yoshikawa က ပြောကြားထားပါသည်။

ပြည်ပမှ တင်သွင်းသည့် ဓာတုဓာတ်မြေသြဇာများကိုသာ အားထားမှီခိုနေရသည့်အတွက် ယခုကဲ့သို့ သဘာဝကုန်ကြမ်းများကိုသာ အသုံးပြုမည့် အော်ဂဲနစ်လယ်ယာစနစ်သို့ ကူးပြောင်းလိုခြင်းဖြစ်ကြောင်း ဖော်ပြထားပါသည်။

ထိုသို့ အစိုးရ၏ မဟာဗျူဟာရည်မှန်းချက်များ အကောင်အထည်ဖော်ရန်အတွက် ဂျပန်နိုင်ငံ၏ လယ်ယာကဏ္ဍတွင် လူသားအရင်းအမြစ်များ လိုအပ်လျက်ရှိကြောင်း၊ ၂၀၀၅ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၂၀၂၀ ပြည့်နှစ်တွင် လယ်ယာကဏ္ဍ၌ လုပ်သားဦးရေမှာ ၃၉ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး ၂.၂၄ သန်းမှ ၁.၃၆ သန်းသာရှိကြောင်း စိုက်ပျိုးရေး၊ သစ်တောနှင့် မွေးမြူရေးဝန်ကြီးဌာန၏ စစ်တမ်းများတွင် ဖော်ပြထားပါသည်။

တရုတ်နှင့်ထိုင်ဝမ်တို့ စစ်ရေးအရ ပဋိပက္ခများဖြစ်ပေါ်လာမည်ဆိုပါက ဂျပန်နိုင်ငံသို့ ရေကြောင်းမှ တင်သွင်းလာမည့် စားသောက်ကုန်များနှင့် လယ်ယာသုံးကုန်စည်များ ရှားပါးမှုများ ဖြစ်ပေါ်လာနိုင်မည့်အပေါ်လည်း စိုးရိမ်မှုများ ဖြစ်ပေါ်လျက်ရှိကြောင်း ဖော်ပြ ထားပါသည်။

၂၀၂၁ ခုနှစ်တွင် ဂျပန်နိုင်ငံ၏ ပြည်တွင်းစားနပ်ရိက္ခာဖူလုံမှုနှုန်းမှာ ၃၈ ရာခိုင်နှုန်း ရှိပြီး G-7 အဖွဲ့ဝင်နိုင်ငံများအကြားတွင် အနိမ့်ဆုံးနှုန်း ဖြစ်ပါသည်။ အကယ်၍ တရုတ်နှင့် ထိုင်ဝမ်အကြား ပဋိပက္ခဖြစ်ပေါ်ပြီး ကုန်သွယ်မှုလမ်းကြောင်းများ ပြတ်တောက်ခဲ့မည်ဆိုပါက စားနပ်ရိက္ခာဖူလုံမှုနှုန်းမှာ ၁၀ ရာခိုင်နှုန်းသာ ရှိနိုင်ပြီး နိုင်ငံ့လူဦးရေ ၁၂၄ သန်း အတွက် လုံလောက်မှုမရှိနိုင်ကြောင်း ဖော်ပြထားပါသည်။

ဂျပန်နိုင်ငံ၏ လူဦးရေအတွက် ဆန်တန်ချိန် တစ်နှစ်လျှင် ၁၆ သန်းတန် လိုအပ်မည်ဖြစ်ပြီး လက်ရှိတွင် ဆန်တန်ချိန် ၇ သန်းအောက်သာ ထုတ်လုပ်နိုင်သည့်အတွက် အကယ်၍ ပဋိပက္ခမှာ ၁ နှစ်ကြာဖြစ်ပွားမည်ဆိုပါက လူဦးရေ သန်း ၆၀ မှာ ဆာလောင်မှုနှင့်ကြုံတွေ့ ရနိုင်ကြောင်း ခန့်မှန်း ဖော်ပြထားပါသည်။

ထို့ကြောင့် ဂျပန်နိုင်ငံအနေဖြင့် နိုင်ငံ၏ အဓိကစားနပ်ရိက္ခာဖြစ်သည့် ဆန်ဖူလုံရေးအတွက် ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်မှုကို မြှင့်တင်နိုင်မည်ဆိုပါက ပဋိပက္ခ အခြေအနေကို ကျော်လွှားနိုင်မည် သာမက ကမ္ဘာ့ဈေးကွက်တွင် တင်ပို့ရောင်းချနိုင်သည့် အဆင့်သို့ပါ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

Source : Kyodo News

သူဇာဖြိုး၊ စီးပွားရေးသံမှူး
တိုကျို

## ဂျပန်န်နိုင်ငံအနေဖြင့် ၂၀၂၂ ဘဏ္ဍာနှစ်တွင် ရုရှားမှ ရေထွက်ကုန်ပစ္စည်းများ စံချိန်တင် တင်သွင်းခဲ့

ဂျပန်နိုင်ငံအနေဖြင့် ၂၀၂၂ ဘဏ္ဍာနှစ် (၂၀၂၂ ခုနှစ် ဧပြီလမှ ၂၀၂၃ ခုနှစ် မတ်လအထိ) တွင် ရုရှားနိုင်ငံမှ ရေထွက်ကုန်တန်ဖိုး ယန်း ၁၅၅.၂ ဘီလီယံ စံချိန်တင် တင်သွင်းခဲ့ကြောင်း ဖော်ပြထား ပါသည်။ ရုရှား-ယူကရိန်းပဋိပက္ခကြောင့် ရုရှားနှင့် ဂျပန်ဆက်ဆံရေး အဆင်မပြေသော်လည်း ရုရှား နိုင်ငံမှ ရေထွက်ကုန်များကို ဂျပန်နိုင်ငံအနေဖြင့် ဆက်လက်မှီခို အားထားနေရကြောင်း ဖော်ပြထား ပါသည်။

ရုရှား-ယူကရိန်းပဋိပက္ခဖြစ်ပွားပြီးနောက် ဂျပန်နိုင်ငံအနေဖြင့် ရုရှားနိုင်ငံမှ Vodka ကဲ့သို့ သော ယမကာများနှင့် သစ်ထုတ်ကုန်များတင်သွင်းမှုကို တားမြစ်ခဲ့သော်လည်း ရေထွက်ကုန်များ တင်သွင်းမှုကိုမူ ကင်းလွတ်ခွင့်ပြုထားပြီး ဆက်လက်တင်သွင်းခွင့်ပြုခဲ့ကြောင်း ဖော်ပြထားပါသည်။ ဂျပန်နိုင်ငံအနေဖြင့် ၂၀၁၈ ခုနှစ်တွင် ရုရှားနိုင်ငံမှ ရေထွက်ကုန်တန်ဖိုး ယန်း ၁၄၀.၂ ဘီလီယံစံချိန် တင် တင်သွင်းခဲ့ဘူးသော်လည်း ၂၀၂၂ ဘဏ္ဍာနှစ်တွင် ရုရှားနိုင်ငံမှ ရေထွက်ကုန်တင်သွင်းမှုမှာ ဆိုဗီယက်ပြည်ထောင်စု ပြိုကွဲပြီးနောက် တစ်နှစ်အကြာ ၁၉၉၂ ခုနှစ်မှ စ၍ အများဆုံးပမာဏဖြစ် ကြောင်း ဖော်ပြထားပါသည်။

ဂျပန်နိုင်ငံအနေဖြင့် ရေထွက်ကုန်တင်သွင်းမှု ပမာဏ၏ ၄၀ ရာခိုင်နှုန်းနီးပါးကို ပြည်တွင်း စားသုံးမှုအတွက် အသုံးပြုခဲ့ခြင်းဖြစ်ပြီး၊ ဂျပန်နိုင်ငံအနေဖြင့် ၂၀၂၂ ဘဏ္ဍာနှစ်တွင် ရေထွက်ကုန်

Agribusiness & Trade

တန်ဖိုးအားဖြင့် ချီလီနှင့် အမေရိကန်ပြီးလျှင် ရုရှားနိုင်ငံမှ တတိယအများဆုံး တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြထားပါသည်။

၂၀၂၂ ဘဏ္ဍာနှစ်တွင် ဂျပန်နိုင်ငံအနေဖြင့် ရုရှားနိုင်ငံမှ နှင်းဂဏန်း (ကျောက်ဂဏန်း) ယန်း ၃၂.၆ ဘီလီယံတန်ဖိုးဖြင့် အများဆုံးတင်သွင်းခဲ့ကြောင်း ဖော်ပြထားပါသည်။ ထိုသို့ များပြားခဲ့ရခြင်းမှာ ရုရှားနိုင်ငံမှ ပို့ကုန်များကို အမေရိကန်နှင့် အနောက်နိုင်ငံများမှ တင်သွင်းမှုပိတ်ပင်ခဲ့ခြင်းကြောင့် ဂျပန်နိုင်ငံဘက်သို့ ပိုမိုတင်ပို့လာခြင်း ဖြစ်နိုင်ကြောင်း ငါးလုပ်ငန်းကဏ္ဍရှိ အရင်းအမြစ်များအရ သိရှိရကြောင်း ဖော်ပြထားပါသည်။

ထို့အတူ အမေရိကန်နိုင်ငံအနေဖြင့် ဘာရင်းပင်လယ်အတွင်း နှင်းဂဏန်း (ကျောက် ဂဏန်း) ဖမ်းဆီးမှုကို ယာယီရပ်နားခဲ့ခြင်းကြောင့် ဂျပန်နိုင်ငံအနေဖြင့် အမေရိကန်မှ တင်သွင်းရရှိမှု လျော့နည်းလာသည့်အတွက် သွင်းကုန်အရင်းအမြစ်သစ်ရှာဖွေလာခြင်းကြောင့်လည်း ရုရှားနိုင်ငံမှ တင်သွင်းမှုများပြားခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြထားပါသည်။ ထို့အတူ ဂျပန်နိုင်ငံ၏ ရေထွက်လုပ်ငန်းတွင် ငါးဖမ်းဆီးနိုင်မှု အခြေအနေဆိုးရွားလာခြင်းကြောင့်လည်း ရုရှားနိုင်ငံမှ တင်သွင်းမှုများပြားခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြထားပါသည်။

ရုရှားနိုင်ငံအနေဖြင့် နိုင်ငံ၏ အရှေ့ဖျားဒေသတွင် ငါးလုပ်ငန်းကဏ္ဍပြန်လည် မြှင့်တင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး၊ အမေရိကန်နိုင်ငံတွင် ထုတ်လုပ်မှုလျော့နည်းလာသည့်အတွက် ဂျပန်နိုင်ငံတွင် ရုရှားနိုင်ငံမှ ပို့ကုန်များ ပိုမိုများပြားလာနိုင်ကြောင်း Hokkaido Trawl Fisheries Cooperative Federation မှ ဒါရိုက်တာဖြစ်သူ Seiji Haraguchi က ပြောကြားထားပါသည်။

Source : The Japan Today Newspaper (6–5–2023)

သူဇာဖြိုး၊ စီးပွားရေးသံမှူး

တိုကျို

.................................................................................

## ၂၀၂၃ ဘဏ္ဍာနှစ်တွင် ဂျပန်လုပ်ငန်းရှင်များ၏ ၆၂ ရာခိုင်နှုန်းမှ အခြေခံလစာများ တိုးမြှင့်ပေးသွားမည်

၂၀၂၂ ဘဏ္ဍာနှစ်တွင် ဂျပန်ကုမ္ပဏီများ၏ ၃၈.၇ ရာခိုင်နှုန်းသာ လုပ်ခလစာတိုးမြှင့် ပေးခဲ့သော်လည်း ၂၀၂၃ ဘဏ္ဍာနှစ်တွင် ဂျပန်ကုမ္ပဏီများ၏ ၆၂.၁ ရာခိုင်နှုန်းမှ အခြေခံလစာများ တိုးမြှင့်ထားပြီး (သို့မဟုတ်) တိုးမြှင့်ပေးရန် စီစဉ်လျက်ရှိကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာန၏ စစ်တမ်းတွင် ဖော်ပြထားပါသည်။

ကုန်ထုတ်လုပ်မှုကဏ္ဍတွင် လုပ်ခလစာတိုးမြှင့်ပေးမှု အခြေအနေမှာ ၂၀၂၂ ဘဏ္ဍာနှစ်တွင် ၅၂ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၂၃ ဘဏ္ဍာနှစ်တွင် ၆၉.၈ ရာခိုင်နှုန်းသို့ လည်းကောင်း၊ ကုန်ထုတ်လုပ်မှုမဟုတ်သောကဏ္ဍများတွင် လုပ်ခလစာတိုးမြှင့်ပေးမှု အခြေအနေမှာ ၂၀၂၂ ဘဏ္ဍာနှစ်တွင် ၂၈.၈ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၂၃ ဘဏ္ဍာနှစ်တွင် ၅၆ ရာခိုင်နှုန်းသို့လည်းကောင်း သိသိသာသာတိုးတက်ခဲ့ကြောင်း စစ်တမ်းတွင် ဖော်ပြထားပါသည်။

စစ်တမ်းတွင် လစာတိုးမြှင့်ပေးရခြင်းအကြောင်းရင်းကို မေးမြန်းခဲ့ရာ၌ စစ်တမ်းဖြေဆိုသူများ၏ ၈၀.၄ ရာခိုင်နှုန်းက ဝန်ထမ်းများကို စိတ်အားတက်ကြွလာစေရန်၊ အလုပ်ထွက်မှုနှုန်း လျော့နည်းလာစေရန်၊ လုပ်ငန်းခွင်အခြေအနေ ကောင်းမွန်လာစေရန်အတွက် ဖြစ်ကြောင်းနှင့် အခြားသော ၆၄ ရာခိုင်နှုန်းက တိုးမြင့်လာသော ကုန်ဈေးနှုန်းများကို တုံ့ပြန်နိုင်ရန်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

စစ်တမ်းကို မတ်လလယ်မှ ဧပြီလလယ်အတွင်း ကောက်ယူခဲ့ခြင်းဖြစ်ပြီး ကုမ္ပဏီကြီး ၅၀၀ နှင့် ကုမ္ပဏီအလတ်နှင့်အငယ် ၇၀၀၊ စုစုပေါင်း ၁၂၀၀ ကို ကောက်ယူခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြထားပါသည်။

စားသောက်ကုန်မှသည် လောင်စာဆီအထိ အစစအရာရာ ကုန်ဈေးနှုန်းကြီးမြင့်မှုကြောင့် အိမ်ထောင်စုများအပေါ် ဘဏ္ဍာရေးဝန်ပိမှု လျော့ပါးစေရန်အတွက် လစာနှုန်းများ တိုးမြှင့်ပေးရန် စီးပွားရေးအသိုက်အဝန်းသို့ ဂျပန်ဝန်ကြီးချုပ် ဖူမီအိုခီရှိဒက တောင်းဆိုခဲ့ပြီးနောက် ဂျပန်ကုမ္ပဏီများအနေဖြင့် ယခုကဲ့သို့ လစာတိုးမြှင့်ပေးခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြထားပါသည်။

Source : Kyodo News

သူဇာဖြိုး၊ စီးပွားရေးသံမှူး
တိုကျို

---

## တရုတ်နိုင်ငံသည် ဥရောပအလယ်ပိုင်းနှင့် အရှေ့ဥရောပနိုင်ငံများနှင့် ကုန်သွယ်မှု တိုးတက်လာစေရန်အတွက် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်မည်

တရုတ်နိုင်ငံသည် ဥရောပအလယ်ပိုင်းနှင့် အရှေ့ဥရောပနိုင်ငံများမှ တင်သွင်းမှုများ တိုးတက်လာစေရန်အတွက် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် နယ်စပ်ဖြတ်ကျော် အီလက်ထရောနစ်ကူးသန်းရောင်းဝယ်ရေးကို ပိုမိုအသုံးပြုခြင်းအပါအဝင် အစီအမံများစွာကို ဆောင်ရွက်မည်ဟု အစိုးရအကြီး တန်းအရာရှိဖြစ်သူ ကူးသန်းရောင်းဝယ်ရေးဒုတိယဝန်ကြီး Li Fei က (၅-၅-၂၀၂၃) ရက်နေ့တွင် ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

Agribusiness & Trade

နှစ်နိုင်ငံအကြား အပြန်အလှန် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို တိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် တရုတ်နိုင်ငံသည် ဥရောပအလယ်ပိုင်းနှင့် အရှေ့ဥရောပနိုင်ငံများ (Central and Eastern Europe–CEE) နှင့် နှစ်နိုင်ငံအစိုးရအဆင့် စီးပွားရေးနှင့် ကုန်သွယ်မှုဆက်သွယ်ရေးကော်မတီများနှင့် အခြားကော်မတီများ ဖွဲ့စည်းဆောင်ရွက်ခြင်းကို အရှိန်မြှင့်တင်လိမ့်မည်ဟု ဒုတိယဝန်ကြီးက ပြောခဲ့ကြောင်း သိရှိရပါသည်။

နှစ်နိုင်ငံအကြား ကုန်သွယ်ရေး မူဝါဒများကို ပေါင်းစပ်ညှိနှိုင်းခြင်းနှင့် ဆွေးနွေးခြင်းတို့ကို ပိုမိုခိုင်မာလာစေရန်အတွက် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးဆိုင်ရာ အစည်းအဝေးများ၊ အီလက်ထရောနစ်သန်းရောင်းဝယ်ရေးလုပ်ငန်းအဖွဲ့များနှင့် အခြားသောဆက်သွယ်ရေးကွန်ရက်ပုံစံများကို ဆောင်ရွက်လိမ့်မည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံသည် CEE နိုင်ငံများမှ ပို့ကုန်ဝယ်လိုအား အထူးသဖြင့် ၎င်းတို့၏ စိုက်ပျိုးရေးထွက်ကုန်များနှင့် စားသောက်ကုန်ဝယ်လိုအားကို ဖြည့်ဆည်းရန် ရည်ရွယ်ကြောင်း ပေကျင်း၌ ကျင်းပခဲ့သည့် သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ဒုတိယဝန်ကြီးက ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ပြည်တွင်း အီလက်ထရောနစ်ကူးသန်းရောင်းဝယ်ရေးပလက်ဖောင်းများသို့ CEE နိုင်ငံများမှ ထုတ်ကုန်များ ဝင်ရောက်မှုကို လွယ်ကူချောမွေ့စေခြင်းအပြင် ရင်းနှီးမြှုပ်နှံမှုအတွက် CEE နိုင်ငံများမှ ကုမ္ပဏီများကို ပိုမိုဆွဲဆောင်နိုင်ရန် ၎င်း၏ စီးပွားရေးနှင့် ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုဇုန်များကို ထောက်ပံ့ရန်လည်း တရုတ်က ကတိပြုထားကြောင်း၊ ထိုသို့ ဆောင်ရွက်ခြင်းသည် မော်တော်ယာဉ်လုပ်ငန်း၊ ဒစ်ဂျစ်တယ်စနစ်အသုံးပြုခြင်း၊ အစိမ်းရောင်ဖွံ့ဖြိုးမှု၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အခြားနယ်ပယ်များတွင် အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုနက်ရှိုင်းစေရန် ကူညီပေးလိမ့်မည်ဖြစ်ကြောင်း သိရှိရပါသည်။

တရုတ်ဈေးကွက်တွင် CEE နိုင်ငံများမှ ထုတ်ကုန်များကို ပိုမိုရောင်းချနိုင်ရန်အတွက် "China International Import Expo" နှင့် "China International Consumer Products Expo" ကဲ့သို့သော တရုတ်နိုင်ငံ၌ကျင်းပသည့် ကုန်စည်ပြပွဲအမျိုးမျိုးတွင် ဝင်ရောက်ပြသရန် CEE နိုင်ငံများမှ ကုမ္ပဏီများကိုလည်း အားပေးထောက်ပံ့ပေးမည်ဟု ဒုတိယဝန်ကြီးက ပြောခဲ့ကြောင်း သိရှိရပါသည် ။

တရုတ်နှင့် CEE နိုင်ငံများအကြား ကုန်သွယ်မှုနှင့် စီးပွားရေးအဆက်အသွယ်များသည် လွန်ခဲ့သော ဆယ်စုနှစ်ကျော်က တိုးတက်လာခဲ့ပြီး၊ အပြန်အလှန်ရင်းနှီးမြှုပ်နှံမှုသည် အမေရိကန်ဒေါ်လာ (၂၀)ဘီလီယံခန့်ရှိကြောင်း ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အချက်အလက်များ၌ ဖော်ပြထားကြောင်း သိရှိရပါသည်။

Agribusiness & Trade

CEE နိုင်ငံများတွင် တရုတ်နိုင်ငံ၏ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုသည် ၂၀၂၃ ခုနှစ်၏ ပထမသုံးလပတ်တွင် ယခင်နှစ်ကာလတူထက် (၁၄၈) ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ကြောင်းနှင့် ကုန်သွယ်မှုတန်ဖိုးသည်လည်း ယခင်နှစ်ထက် (၁.၆)ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံအနေဖြင့် ၎င်းတို့၏ ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုဖြန့်ကျက်နိုင်ရန်နှင့် ကုန်သွယ်ရေးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေရန်အတွက် CEE နိုင်ငံများ၏ ကြီးမားသောဈေးကွက်နှင့် ပထဝီအနေအထားအရ အကျိုးအမြတ်ရှိမှုများကို အပြည့်အဝအသုံးချသွားမည်ဖြစ်ကြောင်း ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဥရောပရေးရာဌာန၏ အထွေထွေညွှန်ကြားရေးမှူး ယွမ်တန် က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ယခုနှစ်သည် တရုတ်-အီးယူ ဘက်စုံမဟာဗျူဟာပူးပေါင်းဆောင်ရွက်မှု၏ (၂၀)ကြိမ်မြောက်နှစ်ပတ်လည်ဖြစ်သည့်အတွက် တရုတ်နှင့် ဥရောပသမဂ္ဂတို့သည် ဒစ်ဂျစ်တယ်၊ စိမ်းလန်းသောစွမ်းအင်သစ်ကဏ္ဍများ၌ လက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်မှုကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

လက်ရှိတွင် အပြန်အလှန်ချိတ်ဆက်နေသည့် ကမ္ဘာလုံးဆိုင်ရာစီးပွားရေး၌ နိုင်ငံအားလုံးသည် တစ်နိုင်ငံနှင့်တစ်နိုင်ငံ အချင်းချင်းမှီခိုနေရကြောင်း၊ ထို့ကြောင့် ကောင်းမွန်ပြီး အပြန်အလှန်အကျိုးပြုသော စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတစ်ခုကို မြှင့်တင်ပေးခြင်းသည် အောင်မြင်မှုအတွက် မရှိမဖြစ်လိုအပ်ကြောင်း ဒုတိယဝန်ကြီးက ထပ်လောင်းပြောကြားခဲ့ကြောင်း သိရှိရပါသည်။

Source: http://www.chinadaily.com.cn/a/202305/06/WS6455909aa310b6054fad158f.html

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး

နန်နင်း

…………………………………………………………………………

## တရုတ်နှင့် အိန္ဒိယတို့မှ ရေနံစိမ်းဝယ်ယူမှု ကျဆင်းခြင်းကြောင့် ဧပြီလတွင် အာရှ၏ ရေနံစိမ်း တင်သွင်းမှု လျော့နည်းခဲ့

အာရှ၏ ရေနံစိမ်းအများဆုံးတင်သွင်းသည့်နိုင်ငံများဖြစ်သည့် တရုတ်နှင့် အိန္ဒိယတို့၏ တင်သွင်းမှုပမာဏသည် မတ်လတွင် မြင့်တက်ခဲ့ရာမှ ဧပြီလတွင်ကျဆင်းခဲ့သဖြင့် အာရှဒေသ၏ ရေနံစိမ်းတင်သွင်းမှုပမာဏစုစုပေါင်းသည် ကျဆင်းခဲ့ကြောင်း သိရှိရပါသည်။

လေ့လာဆန်းစစ်သူ Clyde Russell ၏အဆိုအရ အာရှဒေသသို့ နေ့စဉ်ပျမ်းမျှ ရေနံစိမ်းရောင်းချမှုသည် မတ်လတွင် ရေနံစိမ်းစည်ပေါင်း ၂၇.၆ သန်းရှိခဲ့ရာမှ ဧပြီလတွင် စည်ပေါင်း ၂၆.၃၉ သန်းသို့ ကျဆင်းခဲ့ကြောင်း သိရှိရပါသည်။

Agribusiness & Trade

တရုတ်နှင့် အိန္ဒိယသည် အာရှဒေသတွင် ရေနံစိမ်း ပထမနှင့် ဒုတိယအများဆုံး တင်သွင်းသည့်နိုင်ငံများဖြစ်ကြပြီး မတ်လနှင့်နှိုင်းယှဉ်လျှင် ဧပြီလတွင် နှစ်နိုင်ငံစလုံး၏ တင်သွင်းမှု ကျဆင်းခဲ့ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံ၏ ရေနံစိမ်းတင်သွင်းမှုပမာဏသည် ဧပြီလတွင် တစ်နေ့လျှင် စည်ပေါင်း ၁၀.၆၇ သန်း သာရှိခဲ့ပြီး မတ်လတွင်တင်သွင်းသည့် တစ်နေ့လျှင် စည်ပေါင်း ၁၂.၃၇ သန်းထက် လျော့နည်းခဲ့ကြောင်း အချက်အလက်များ၌ ဖော်ပြထားကြောင်း သိရှိရပါသည်။

ရုရှားသည် တရုတ်နှင့် အိန္ဒိယသို့ ထိပ်တန်းရေနံတင်ပို့ရောင်းချသည့် နိုင်ငံဖြစ်နေဆဲဖြစ်ကြောင်း အချက်အလက်များက ဖော်ပြလျှက်ရှိပြီး နိုင်ငံတကာစံသတ်မှတ်ချက်ဈေးနှုန်းများနှင့် နှိုင်းယှဉ်လျှင် ရုရှားရေနံစိမ်းဈေးနှုန်းများသည် ဈေးသက်သာကြောင်း သိရှိရပါသည်။

ရေနံတင်ပို့ရောင်းချသည့်နိုင်ငံများ (Petroleum Exporting Countries-OPEC)နှင့် ၎င်း၏ မဟာမိတ်များသည် ၂၀၂၃ ခုနှစ်၊ မေလမှ ဒီဇင်ဘာလအထိ ထုတ်လုပ်မှုကို တစ်ရက်လျှင် ရေနံစိမ်း စည်ပေါင်း ၁.၁၆ သန်း လျှော့ချမည်ဟု ဧပြီလ (၂)ရက်နေ့တွင် ကြေငြာခဲ့သောကြောင့် ဧပြီလ ပထမနှစ်ပတ်အတွင်း ရေနံဈေးနှုန်းများ မြင့်တက်လာခဲ့ကြောင်း သိရှိရပါသည်။

သို့သော်လည်း ဧပြီလတွင် တရုတ်နိုင်ငံ၏ ထုတ်လုပ်မှုလုပ်ငန်းများ မမျှော်လင့်ဘဲ နှေးကွေးခဲ့ခြင်းကြောင့် စီးပွားရေးပြန်လည်နာလန်ထူလာရန်နှင့်ပတ်သက်သည့် စိုးရိမ်ပူပန်မှုများနှင့် အမေရိကန်ဘဏ်လုပ်ငန်းနှင့် ဖက်ဒရယ်ရန်ပုံငွေအဖွဲ့မှ နောက်ထပ်အတိုးနှုန်း မြင့်တက်ပြီးနောက် ဖြစ်ပေါ်လာမည့် စီးပွားရေးကျဆင်းမှုနှင့်ပတ်သက်သည့် စိုးရိမ်ပူပန်မှုများကြောင့် ဧပြီလလယ်ကတည်းက ရေနံဈေးနှုန်းကျဆင်းခဲ့ပြီး ယခုနှစ်အတွက် အနိမ့်ဆုံးနေရာသို့ ရောက်ရှိခဲ့ကြောင်း သိရှိရပါသည်။

Source: [www.sunsirs.com/commodity-news/petail-12377.html](www.sunsirs.com/commodity-news/petail-12377.html)

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး

နန်နင်း

……………………………………………………………………………………………………

Agribusiness & Trade